"အပြန်အလှန်ချိတ်ဆက်ရေး"

# တရုတ်–ထိုင်းနိုင်ငံရထားသံလမ်းပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ပထမကာလလုပ်ငန်းမှာအောင်မြင်စွာလုပ်ဆောင်နေ

မတ်လ(၂၂)ရက်နေ့ထိုင်းနိုင်ငံဟောလက်ပြည်နယ်ပါချုံးခရိုင် တရုတ်-ထိုင်းရထားသံလမ်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း အကောင်အထည်ဖော်လုပ်ငန်းခွင်တွင် ထိုင်းနိုင်ငံလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ကားလမ်းညွှန်ကြားရေးဦးစီးဌာနမှူးထနင်.စုံဝိမ်းက ပြောကြားသွားသည်မှာ-ယခုအဆိုပါစီမံကိန်းပထမကာလမြေဆောက်လုပ်ရေးလုပ်ငန်းစဉ်မှာအောင်မြင်စွာလုပ် ဆောင်နေပြီး သက်ဆိုင်ရာ အတွေ့အကြုံများကိုလည်း အခြားအပိုင်းလုပ်ငန်းအတွင်းသို့ အသုံးချသွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

တရုတ်နိုင်ငံပိုင်းသည် အရှိန်မြင့်ရထားစီမံကိန်း၏ ဒီဇိုင်းဆွဲခြင်းကိုတာဝန်ယူပြီး ကားလမ်းညွှန် ကြားရေးဦးစီးဌာနသည် မြေဆောက်လုပ်ရေးလုပ်ငန်းကိုအဓိကတာဝန်ယူကြောင်း ထနင်က မိတ်ဆက်ပြောကြားခဲ့သည်။ နောက်ပိုင်းရထားလမ်းခင်းခြင်းစသည့် အလုပ်များကို တရုတ်နိုင်ငံဖက်သို့အပ်ပြီး ဆက်လက်တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ တရုတ်-ထိုင်းနှစ်ဖက်သည် ပထမအပိုင်းလုပ်ငန်း၏ဆောက်လုပ်ရေးပူးပေါင်းဆောင်ရွက်မှုတွင်အဆင်ပြေကြောင်း ပထမအပိုင်းဆောက်လုပ်ရေးမှ ဖြစ်မြောက်လာသည့် သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွေ့အကြုံများကို အခြားအပိုင်းများလုပ်ငန်းတွင် အသုံးပြုမည်ဖြစ်ကြောင်း သူကပြောဆိုခဲ့သည်။

တရုတ်-ထိုင်းပူးပေါင်းပြီး အရှိန်မြင့်ရထားကို ဆောက်လုပ်ခြင်းသည် ထိုင်းနိုင်ငံအတွက် ပညာလေ့လာသင်ယူသည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း တချို့သောကိရိယာ ဥပမာ-dynamic penetrometer များကိုတရုတ်နိုင်ငံမှ တင်သွင်းရကြောင်း လုပ်ငန်းခွင်မှထိုင်းအင်ဂျင်နီယာက သတင်းထောက်ထံ မိတ်ဆက်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည်အဆိုပါ အရှိန်မြင့်ရထားလမ်း၏ သံလမ်းဒီဇိုင်းဆွဲခြင်း၊ အလုပ်ကြီးကြပ်မှု၊ အချက်ပြစင်ကနယ်စနစ်၊ လျှပ်စစ်မီးအား၊ ရထားတွဲစသည့်အလုပ်များကိုလည်းတာဝန်ခံလုပ်ဆောင်နေပြီးထိုင်းနိုင်ငံဝန်ထမ်းများအတွက် မွမ်းမံသင်တန်းပေးခြင်းများ လုပ်ဆောင်နေကြောင်းသိရပါသည်။




ဘန်ကောက်မှ ဟောလက်အရှိန်မြင့် ရထားဖြစ်သော တရုတ်ထိုင်းသံလမ်းပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ပထမကာလ လုပ်ငန်း၏ဖွင့်ပွဲအခမ်းအနားကို ယမန်နှစ်ဒီဇင်ဘာလ(၂၁)ရက်နေ့တွင် ဟောလက်ပြည်နယ် ပါချုံးခရိုင်တွင်ကျင်းပခဲ့သည်။ စီမံကိန်းစုစုပေါင်း(၂၅၃)ကီလိုမီတာခန့်ရှည်လျားပြီး အမြန်ဆုံးအရှိန်မှာ တစ်နာရီ(၂၅၀)ကီလိုမီတာရှိကာ ဘူတာ(၆)ခုတည်ထားသည်။ တစ်လိုင်းလုံးတွင် တရုတ်နိုင်ငံအရှိန်မြင့်ရထားနည်းပညာကို အသုံးပြုပြီး ဆောက်လုပ်ပြီးလျှင် ထိုင်းနိုင်ငံ၏ ပထမဆုံးသောအရှိန်မြင့်ရထားသံလမ်းဖြစ်လာမည်ဖြစ်သည်။

(ဆင်ဟွာသတင်းဌာန) ရန်ကျိုး

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"

# ယူနန်ပြည်နယ် ဘဏ္ဍာရေးနှင့်စီးပွားရေးတက္ကသိုလ်မှ နိုင်ငံတကာပညာရေး ပူးပေါင်းဆောင်ရွက်မှုကိုတွန်းတင်

ယူနန်ပြည်နယ် ဘဏ္ဍာရေးနှင့်စီးပွားရေးတက္ကသိုလ်အတွက် ယခုနှစ်သည် နိုင်ငံတကာပုံစံဖြင့် ပညာသင်ကြားပို့ချရေးနယ်ပယ်တွင် အလေးပါသည့်အောင်မြင်မှုရလဒ်နှစ်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်း၏နိုင်ငံခြားပညာသင်ကြားပို့ချစီမံကိန်း--ဘန်ကောက်စီးပွားရေးကောလိပ်တွင်ယခုနှစ်၌ ပထမအကြိမ်ဘွဲ့ရ ကျောင်းသားကျောင်းသူများရှိလာတော့မည်ဖြစ်သည်။

(၂၀၁၃)ခုနှစ်နှစ်ကုန်တွင် ယူနန်စီးပွားရေးတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ Rangsit Universityမှ ပူးပေါင်းတည်ထောင်သည့် ဘန်ကောက်စီးပွားရေးကောလိပ်ကို တရုတ်နိုင်ငံပညာရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာနမှ သဘောတူပြီးတည်ထောင်ခဲ့ရာ ယူနန်ပြည်နယ်မှ ပြည်ပတွင်ဖွင့်လှစ်သည့် ပထမဆုံးသောဘွဲ့ရပညာရေးဌာနဖြစ်လာခဲ့သည်။ ဘန်ကောက် စီးပွားရေးကောလိပ်သည် (၂၀၁၄)ခုနှစ်မှစတင်ကျောင်းသားများခေါ်ယူလက်ခံပြီး ယခုပညာသင်ယူသူ (၁၂၀)ဦးရှိနေပါသည်။

ဘန်ကောက်စီးပွားရေးကောလိပ်သည် Rangsit University ကျောင်းဆောင်များကိုမှီပြီး နှစ်ဖက်မှထက်မြက်ထူးချွန်သူများကို မွေးထုတ်သည့်စီမံချက်များကို အတူပူးတွဲ သတ်မှတ်ခဲ့သည်။ ယူနန်စီးပွားရေးတက္ကသိုလ်မှ ထိုင်းနိုင်ငံသို့ အရည်အသွေးမြင့်ဆရာအင်အားကို စေလွှတ်ပြီး ကျွမ်းကျင်မှုပညာရပ်ထက်မြက်ထူးချွန်သူမွေးထုတ်မှု စီမံချက်၏ ဗဟိုပင်မသင်ခန်းစာသင်ကြားမှုကို တာဝန်ယူလုပ်ဆောင်သည်။ ယူနန်စီးပွားရေးတက္ကသိုလ်ပြည်ပ ပညာသင်ကြားရေး၊ ဘွဲ့ရ ပညာသင်ကြားရေးသည် ပညာရေး၏ "အပြင်သို့ထွက်" ခြင်း၏ ပိုမိုရှေ့ရောက်သည့်စီမံကိန်းဖြစ်ကြောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးအတွင်းသို့ဝင်ရောက်ပြီး ဝန်ဆောင်မှုပေးသည့်ဆန်းသစ်ပုံစံဖြစ်ကြောင်း ယူနန်ဘဏ္ဍာရေးနှင့်စီးပွားရေး တက္ကသိုလ်ဘန်ကောက်စီးပွားရေးကောလိပ်ကျောင်းအုပ်၊ နိုင်ငံတကာစီပွားရေးကောလိပ်ဒုတိယကျောင်းအုပ်ဖြစ်သူ ကျန်းဟုန်လျဲက မိတ်ဆက်ပြောကြားခဲ့သည်။



တရုတ်နိုင်ငံပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်ခြင်း၏ နက်ရှိုင်းစွာတွန်းတင်မှုကိုလိုက်၍ တရုတ်နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၏ အတွေ့အကြုံကို တစ်ကမ္ဘာလုံးကအထူးဂရုစိုက်နေကြကြောင်း ကျန်းဟုန်လျဲကပြောကြားသည်။ ဘန်ကောက်စီးပွားရေးကောလိပ်သည် နိုင်ငံတကာကျောင်းသားကျောင်းသူများကို မျက်နှာပြုပြီး တရုတ်နိုင်ငံစီးပွားရေးကျွမ်းကျင်မှုပညာရပ်ပညာသင်ကြားရေးကို စနစ်တကျထောက်ပံ့ပေးပြီး ကူမင်းကျောင်းသို့ ပညာသင်ကြားရန်လည်း စီစဉ်ပေးသည်။ ထိုသို့ဖြင့် ကျောင်းသားများသည် တရုတ်နိုင်ငံစီးပွားလူမှုရေး၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပိုမိုသိရှိနားလည်စေမည်ဖြစ်သည်။ ဤသို့သောနည်းလမ်းဖြင့်မွေးထုတ်ပေးသည့် ထက်မြက်ထူးချွန်သူများသည် နိုင်ငံတကာနှင့်တရုတ်နိုင်ငံအခြေအနေကိုသိရှိနားလည်မည်ဖြစ်ပြီး အလုပ်အကိုင်ရရှိခွင့်များလည်း ပိုမိုများပြားစေသည်။ ဘန်ကောက်စီးပွားရေးကောလိပ်သည် GMS အီလက်ထရောနစ်ကော်မာရှယ်အပိုင်းကဏ္ဍ၏ သိပ္ပံနည်းပညာနှင့်လူမှုဝန်ဆောင်ရေးသင်တန်း စီမံကိန်းများထဲသို့လည်း ပါဝင်ထားသည်။

မကြာမီဆောက်လုပ်မည့် တရုတ်သြစတြေးလျပူးတွဲစီးပွားရေးကောလိပ်သည် ဘန်ကောက်စီးပွားရေးကောလိပ်ပုံစံကို အသိအမှတ်ပြုသည့် သဘောရှိသည့်အတွက် ကျန်းဟုန်လျဲနှင့်သူမ၏အလုပ်ဖော်များမှာ အထူးဂုဏ်ယူခဲ့သည်။

တရုတ်နိုင်ငံနှင့် သြစတြေးလျအကြားကုန်သွယ်သွားလာရေးမှာ ပိုမိုများပြားလာသည်။ ယူနန်ဘဏ္ဍာရေးနှင့်စီးပွားရေးတက္ကသိုလ်နှင့် သြစတြေးလျ Charles Sturt University သည် ပထမအချိန်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်သောကြောင့် တရုတ်နှင့်သြစတြေးလျ ပူးတွဲစီးပွားရေးကောလိပ်ဖွင့်လှစ်ရေးအတွက် ကောင်းမွန်သောအခြေခံအုပ်မြစ်ကို ချထားပေးခဲ့သည်။ ဘန်ကောက်စီးပွားရေးကောလိပ်ကို ပုံမှန်လည်ပတ်ရန်ဖြည့်စွက်ခြင်း၊ တရုတ်နှင့်သြစတြေးလျ ပူးတွဲစီးပွားရေးကောလိပ်ဆောက်လုပ် ရေးတွန်းတင်ခြင်းသည် ယခုနှစ်တွင်ယူနန်ဘဏ္ဍာရေးနှင့်စီးပွားရေးတက္ကသိုလ် ပညာသင်ကြားရေးနိုင်ငံတကာပုံစံလုပ်ငန်း ပိုမိုနက်ရှိုင်းစွာတွန်းတင်စေရန် အဓိကအလုပ်ဖြစ်သည်။ အနာဂတ်တွင် လုပ်ငန်းလည်ပတ်သည့်အတွေ့အကြုံနှင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးလိုအပ်ချက်များအရ ပြည်ပပူးပေါင်းပညာသင်ကြားရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းသည့် အဆင့်သို့ဖွံ့ဖြိုးတိုးတက်ရန်တွန်းတင်မည်ဖြစ်သည်။

သတင်းထောက်-ဟန်ချိန်ယွမ်